ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကျောက်ကြီးမြို့နယ်



# လူထု ဗဟိုပြုစီမံကိန်း

# National Community Driven Development

# (NCDDP)

# ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ဝဲကြီးကျေးရွာအုပ်စု၊ သစ်ချဆိပ်ကျေးရွာ

၂၀၁၈ခုနှစ်

COMMUNITY DRIVEN DEVELOPMENT


CDD

## မာတိကာ



| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | မြို့နယ်မြေပုံ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သောPRA Toolsများနှင့် တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ(အသုံးပြုခဲ့သောPRA Toolsတစ်ခုချင်းစီ၏ အမည်များရေးရန်) |
| ၇။ | ကော်မတီရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ (၂-၃ပုံထက်မကျော်ရ) |
| ၈။ | ကျေးရွာအချက်အလက် (ပုံစံ - ၁ ) |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂ ) |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃ ) |
| ၁၁။ | အစည်းအဝေးမှတ်တမ်း |
| ၁၂။ | ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ |

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



# သစ်ချဆိပ်ကျေးရွာ တည်နေရာပြမြေပုံ




## ရည်ညွှန်းချက်

| | |
|---|---|
| နယ်နိမိတ် | ကျေးရွာအုပ်စု |
| ကားလမ်း | ကျေးရွာအမည် |
| နွားရာသီလမ်း | သစ်တောကြိုးဝိုင်း |
| မြစ်/ချောင်း | |

# ဝဲကြီးကျေးရွာအုပ်စု၊ သစ်ချဆိပ်ကျေးရွာ

ဝဲကြီးကျေးရွာအုပ်စုတွင်ကျေးရွာပေါင်း(၆)ရွာပါဝင်သည်။ ၎င်းတို့မှာ

(၁) ဝဲကြီး(ကရင်)


(၂) ဝဲကြီး(ဗမာ)

(၃) မြင်သာယာ

(၄) သစ်ချဆိပ်

(၅) တိုင်ပင်

(၆) ဖိုးသောင်းစု တို့ဖြစ်ပါသည်။



သစ်ချဆိပ်ကျေးရွာ အရင်း၊ အမြန်ပြမြေပုံ
သင်္ချိုင်း
အိမ်
တံတား
နတ်စင်
စာသင်ကျောင်း
ဘုန်းကြီးကျောင်း
လှည်းလမ်း
ရွာလမ်း
ဆေးပေးခန်း

# ဝဲကြီးကျေးရွာအုပ်စု၊သစ်ချဆိပ်ကျေးရွာ
# လူမှုရေးအရင်းအမြစ်ပြမြေပုံသုံးသပ်ချက်နှင့်ကျေးရွာသမိုင်းကြောင်း

သစ်ချဆိပ်ကျေးရွာသည် ကျောက်ကြီးမြို့နယ်၏ မြောက်ဘက်တွင် တည်ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ခန့်က တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျေးရွာစတင်တည်ထောင်ချိန်တွင် အိမ်ခြေပေါင်း (၂၀)ကျော်ခန့်သာ ရှိပါသည်။ ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများ နေထိုင်ကြပါသည်။

သစ်ချဆိပ်ဟုခေါ်ကြခြင်းမှာ လှည်းလမ်းဆိပ်တွင် သစ်ဆိပ်လုပ်ကိုင်သောကြောင့် သစ်ချဆိပ်ကျေးရွာဟုခေါ် ဆိုခြင်းဖြစ်ပါသည်။

ယခုအခါ သစ်ချဆိပ်ကျေးရွာတွင် အိမ်ခြေပေါင်း (၂၂၅)အိမ် ရှိပါသည်။ တစ်ရွာလုံးနီးပါး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ခရစ်ယာန်ဘာသာဝင် အနည်းငယ်သာ ရှိပါသည်။ ရွာတွင် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းတို့ ရှိပါသည်။ အမျိုးသမီး ဦးစီးသော အိမ်စုပေါင်း(၃၇)ဦးရှိပြီး လူဦးရေမှာ (၁၃၃၄)ဦး ဖြစ်ပါသည်။ အမျိုးသား(၆၄၀)ဦး၊အမျိုးသမီး(၆၉၄)ဦးရှိပါသည်။

## သောက်သုံးရေ

သစ်ချဆိပ်ကျေးရွာတွင် သောက်သုံးရေအတွက် လက်နှိပ်တုံကင်များကိုသာ အသုံးပြုကြပါသည်။ အဆင့်မီသော သောက်သုံးရေ အမျိုးအစားမဟုတ်သော်လည်း တက်နိုင်သည့် ငွေကြေးပမာဏနှင့် ရရှိသော ရေအနေအထားတွင် ကျေနပ်စွာအသုံးပြု နေကြပါသည်။ သို့သော်လည်း ရေသန့်ရှင်းမှုမရှိသော်လည်း ရေရှားပါးမှုမရှိပါ။

## လမ်းပန်းဆက်သွယ်ရေး

သစ်ချဆိပ်ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးမှာ ရွာတွင်းမြေသားတင်ဂဝံခင်း လမ်းများ (စီမံကိန်းပထမနှစ်+ ဒုတိယနှစ်တွင်ပြုလုပ်ခဲ့ခြင်း)နှင့် မြေသားလမ်းများ ဖြစ်ကြပါသည်။ ကျောက်ကြီးမြို့သို့ ဆက်သွယ်ထားသော လမ်းမှာ စီမံကိန်း

(ပထမနစ်စက်ဝန်း)တွင် ကျောက်ကြမ်းလမ်းဖြစ်၍ ယခုအချိန်တွင် ကတ္တရာခင်းလမ်း ဖြစ်နေပါသည်။

ရွာတွင်းမြေသားလမ်းများမှာ မိုးတွင်းအခါ လမ်းမကောင်းသဖြင့် သွားလာရေး အတွက် အနည်းငယ်သာ အခက်အခဲ ရှိသေးသည်။ စီမံကိန်းမှ ကျန်ရှိနေသော လမ်းများကို ရွာလူထုနှင့် သဘောထားယူ၍ ခင်းပေးရန် အစီအစဉ်များရှိပါသည်။

## ပညာရေး

သစ်ချဆိပ်ကျေးရွာတွင် ပညာသင်ကြားရေးအတွက် အလယ်တန်းကျောင်းခွဲ (မူလွန်ကျောင်း) ရှိပါသည်။ ကျောင်းဆောင်အမျိုးအစားမှာ တိုက်ကျောင်းဆောင် တစ်လုံး၊ အုတ်တက်၊ ပျဉ်ထောင်ကာကျောင်းဆောင်တစ်လုံး (ထိုကျောင်းဆောင် ၂လုံးအား ဒုတိယနစ် စီမံကိန်းတွင် ပြင်ဆင်ခြင်းများ ပြုလုပ်ပေးပြီး) နှင့် သွပ်မိုး မြေစိုက် ထရံကာ ကျောင်းဆောင်တစ်လုံးတို့ ရှိပါသည်။ ကျောင်းသား/သူဦးရေမှာ (၃၅၀)ဦးခန့် ရှိပါသည်။ ပျက်စီးနေသော စာသင်ကျောင်းဆောင်အချို့အား စီမံကိန်းမှ ပြင်ဆင်ထား ပေးပါသည်။ သို့သော်လည်း ကျောင်းသား/သူများသောကြောင့် စာသင်ကြားရာတွင် အခက်အခဲရှိပါသည်။ ရွာမှကလေးများမှာ အလယ်တန်းကျောင်း အောင်ပြီးသောအခါ မြို့သို့ သွားရောက် ပညာသင်ကြားခြင်းများ မရှိကြောင်းသိရပါသည်။ ဗဟုသုတ အတွက် ရွာတွင်းတွင်စာကြည့်တိုက် ရှိသော်လည်း ကျေးရွာလူထု စည်းလုံးမှုမရှိခြင်းနှင့် ရံပုံငွေလုံလောက်စွာမရှိခြင်းကြောင့် စာကြည့်တိုက်ပျက်စီးရခြင်းဖြစ်ကြောင်း သိရပါသည်။ ကျောင်းခြံစည်းရိုးများမှာလည်း ပျက်စီးနေသောကြောင့် ကလေးများအတွက် လုံခြုံမှု များ မရှိသေးပါ။ ထိုကျောင်းခြံစည်းရိုးအား စီမံကိန်းတတိယနစ်စက်ဝန်းတွင် ကာရံခြင်း များဆောင် ရွက်မည်။

## ကျန်းမာရေး

သစ်ချဆိပ်ကျေးရွာတွင် ကျန်းမာရေးအတွက် အုပ်စုကျေးလက်ဆေးပေးခန်း(သို့) ကျန်းမာရေးဌာနခွဲ ရှိပါသည်။တော်ရုံတန်ရုံ ကျန်းမာရေးအခြေအနေများဖြစ်ပေါ်လာလျှင် ဤဆေးပေးခန်း၌ ပြသကြရပါသည်။ အရေးပေါ် ကျန်းမာရေးအခြေအနေများ ဖြစ်ပေါ် လာလျှင် မြို့ပေါ်သို့သွားရောက် ကုသရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့်

ကလေးများအတွက်လိုအပ်သော ကာကွယ်ဆေးများကို အခါအားလျော်စွာ တိုက်ကျွေးသည်ကို တွေ့ရပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာသုံးဆွဲသည်ကို တွေ့ရပါသည်။

## စီးပွားရေး

သစ်ချဆိပ်ကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်လုပ်ငန်း၊ အင်းလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများ ဖြစ်ကြပါသည်။ အိမ်ထောင်စုအများစုမှာ ကျပန်းအလုပ်သမား အများစု ဖြစ်ကြပါသည်။ ကြက်၊ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ လယ်ကိုင်းလုပ်ကိုင်သူများမှာ မိုးတွင်းအခါတွင် ရေကြီးရေလျှံများနှင့် ကြုံတွေ့ရသောအခါ ပျက်စီးဆုံးရှုံးများရှိပါသည်။ အချို့ ကျပန်းလုပ်ကိုင်ဆောင်ရွက်ကြသူများမှာ ငါးဖမ်း၊ ပိုက်ချ၊ ကွန်ပစ်ခြင်းများ ပြုလုပ်၍ရောင်းချခြင်းဖြင့် ဝင်ငွေကိုရှာဖွေကာ မိမိတို့ အသက်မွေးဝမ်းကြောင်းအတွက် လုပ်ကိုင်နေရပါသည်။

## အနှစ်ချုပ်

သစ်ချဆိပ်ကျေးရွာတွင် ရွာတွင်းလမ်းမကောင်းခြင်း၊ ပညာတက်နည်းပါးခြင်း၊ အရေးပေါ် ကျန်းမာရေးအခက်အခဲရှိခြင်းနှင့် စီးပွားရေးကောင်းမွန်မှုမရှိခြင်းများဖြစ်ပေါ်သည်။ လယ်လုပ်ငန်းအတွက် ထိရောက်သော နည်းပညာအကူအညီများ လိုအပ်ပါသည်။ အမျိုးသမီးများအတွက် ထိရောက်သော အိမ်တွင်းမှုသင်တန်းများလည်း လိုအပ်ပါသည်။ အလုပ်အကိုင် ရှားပါးမှုကြောင့် စားဝတ်နေရေး အခက်အခဲရှိကြောင်း တွေ့ရပါသည်။

ပံ့ပိုးကူညီသူ - ဒေါ်ဇာလီထွန်း၊ဒေါ်ခင်မြတ်လေးခိုင်
ပါဝင်ဆွေးနွေးသူ - သစ်ချဆိပ်ရွာသူ/သားများ

# ဓနအင်အားသက်မှတ်ခြင်း

ကျေးရွာ-သစ်ချဆိပ် ရက်စွဲ - ၂၁ . ၂ . .၂၀၁၈

အုပ်စု - ဝဲကြီး

| အမျိုးအစား | သက်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ကေ(၁၀)၊နွား(၄)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊စပါးခြွေစက်၊စပါးရိတ်စက်၊တိုက်ခံအိမ်(၂)ထပ်တို့ကိုပိုင်ဆိုင်ထားကြပြီးငွေပိုငွေလျှံရှိသူ | ၂၀ | ၉ |
| အလယ်အလက် | လယ်ကေ(၅)၊နွား(၂)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ် | ၄၀ | ၁၈ |
| နွမ်းပါး | အိမ်ခြံ၊သက်ငယ်မိုး၊ထရံကာ၊စက်ဘီး၊ | ၁၃၅ | ၆၀ |
| အနွမ်းပါးဆုံး | ဝါး၊တဲအိမ်သက်ငယ်မိုး၊ခြံမရှိသက်ငယ်ကာအိမ် | ၃၀ | ၁၃ |
| စုစုပေါင်း | | ၂၂၅ | ၁၀၀% |

# ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝဲကြီးအုပ်စု၊သစ်ချဆိပ်ကျေးရွာ

# ဓနအင်အားသက်မှတ်ခြင်း သုံးသပ်ချက်

**ကျေးရွာ-သစ်ချဆိပ်** **ရက်စွဲ - ၂၁. ၂ .၂၀၁၈**

**အုပ်စု - ဝဲကြီး**

သစ်ချဆိပ်ကျေးရွာတွင် ချမ်းသာအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးအုပ်စုနှင့် အနွမ်းပါးအုပ်စုဟူ၍ အုပ်စု(၄)မျိုး ရှိပါသည်။ လယ်ဧက(၁၀)၊ နွား(၄)ကောင်၊ ခွေးကုတ်၊ လှည်း၊ ဂွန်ဒေါင်း၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ စပါးချွေစက်၊ စပါးရိတ်စက်၊ တိုက်ခံအိမ်(၂)ထပ်တို့ကို ပိုင်ဆိုင်ကြပြီး ငွေပိုငွေလျှံရှိသောသူများကို ချမ်းသာ အုပ်စုအဖြစ် သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၂၀)အိမ်ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် (၉%)ရှိပါသည်။

လယ်ဧက(၅)၊ နွား(၂)ကောင်၊ ခွေးကုတ်၊ လှည်း၊ ဂွန်ဒေါင်း၊ လယ်ထွန်စက်၊ ဆိုင်ကယ် ပျဉ်ထောင် သွပ်မိုးအိမ်တို့ကို ပိုင်ဆိုင်ကြပြီး ငွေကြေးပြေလည်သူများကို အလယ်အလက်အုပ်စုအဖြစ် သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၄၀)အိမ်ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် (၁၈%)ရှိပါသည်။

လုံးစွပ်အိမ်၊ သက်ငယ်မိုး၊ ထရံကာ၊ စက်ဘီး၊ လက်လုပ်လက်စားရှိသူများကို နွမ်းပါးအုပ်စုအဖြစ်သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၁၃၅)အိမ်ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် (၆၀%)ရှိပါသည်။

ဝါးအိမ်၊ ယင်းကာ လက်လုပ်လက်စားရှိသူများကို နွမ်းပါးအုပ်စု အဖြစ်သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၃၀)အိမ်ရှိသဖြင့် ရာခိုင်နှုန်း အားဖြင့် (၁၃%)ရှိပါသည်။

**ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း**

**ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ**

## ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝဲကြီးအုပ်စု၊သစ်ချဆိပ်ကျေးရွာ
## အရင်းအမြစ် အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်း သုံးသပ်ချက်

**ကျေးရွာ-သစ်ချဆိပ်** **ရက်စွဲ - ၂၁ . ၂ .၂၀၁၈**

**အုပ်စု - ဝဲကြီး**

**သစ်ချဆိပ်** ကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂက်၊ အပ်ချုပ်စက်၊ လယ်၊ လှည်း၊ နွား/ကျွဲ၊ စပါးခွေ့စက် ၊ ဆန်စက် တို့ရှိပါသည်။ ထိုအရင်းအမြစ်နှင့်ပါတ်သတ်၍ အိမ်၊ ၊ ဆိုင်ကယ်၊ စက်ဘီး တို့ကို အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။ ဂက်၊ အပ်ချုပ်စက်များကို အမျိုးသမီးများက အသုံးပြုကြပြီး လယ်၊ လှည်း၊ ကျွဲ/နွား နှင့် စပါးခွေ့စက် ကို အမျိုးသားများက အသုံးပြုကြပါသည်။

ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားတို့သည် အိမ်၊ ခြံ၊ ဆိုင်ကယ်၊ စက်ဘီး၊ လယ်၊ လှည်း၊ နွား/ကျွဲ၊ စပါးခွေ့စက် ကို အတူတကွ ထိန်းချုပ်ကြပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက ထိန်းချုပ်ကြပါသည်။

**ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း**

**ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ**

# ကျားမရေးရာအရင်းအမြစ်

ကျေးရွာ-သစ်ချဆိပ်　　　　　　　　ရက်စွဲ - ၂၁ . ၂ .၂၀၁၈

အုပ်စု - ဝဲကြီး

| ကျေးရွာ အရင်းအမြစ် | အရင်းအမြစ်များအသုံးပြုမှု | | | အရင်းအမြစ်များထိန်းချုပ်မှု | | |
|---|---|---|---|---|---|---|
| | ကျား | မ | ကျား+မ | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | ✓ | | | | | ✓ |
| ကျွဲ/နွား/လှည်း | ✓ | | | | | ✓ |
| ကြက်/ဝက် | | ✓ | | | ✓ | |
| အိမ်/ခြံ | | | ✓ | | | ✓ |
| ဆန်စက် | ✓ | | | ✓ | | |
| စက်ဘီး/ဆိုင်ကယ် | | | ✓ | | | ✓ |
| အပ်ချုပ်စက် | | ✓ | | | ✓ | |
| စပါးခြွေစက် | ✓ | | | ✓ | | |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ သစ်ချဆိပ်
ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ- သစ်ချဆိပ် ရက်စွဲ - ၂၁.၂.၂၀၁၈

အုပ်စု - ဝဲကြီး

သစ်ချဆိပ်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်၊ ကိုင်းနှင့် ကျဘမ်းလုပ်ငန်းများဖြစ်၍ရာသီအလိုက်သင့်လျော်သလိုလုပ်ကိုင်စားသောက်ကြရသည်။တန်ခူးလတွင်နေပူ၍ပွဲတော်အဖြစ်သင်္ကြန်ပွဲတစ်ခုသာရှိပါသည်။လယ်လုပ်ငန်းဝင်ရန်အတွက်ပြင်ဆင်နေသောအချိန်ကာလလည်းဖြစ်သည်။ကဆုန်လတွင် ပွဲတော်အဖြစ် ညောင်ရေသွန်း ပွဲတော်ကို ကျင်းပသည်။

နယုန်၊ဝါဆို၊ဝါခေါင်လများတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းပြီဖြစ်၍ လယ်ယာလုပ်ငန်းများကို အားသွန်ခွန်စိုက် အလုအယက် စိုက်ပျိုးနေသော အချိန်ကာလလည်း ဖြစ်သည်။ တစ်ဖက်တွင် ရေလုပ်ငန်း လုပ်ကိုင်ကြသူများမှာ ကွန်ပစ်ခြင်း၊ ပိုက်ချခြင်းများကို လုပ်ကိုင်ကြသည်။ ထိုအချိန်ကာလသည် သွေးလွန်တုပ်ကွေး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားသော အချိန်ကာလ ဖြစ်သည်။ ကျေးရွာတွင် မည်သည့်ပွဲမှ မရှိပါ။

တော်သလင်းလတွင်ရေများသည် ကမ်းလုံးပြည့်လျှံ၍ရေကြီးသော အချိန်ကာလလည်း ဖြစ်သည်။ သီတင်းကျွတ်လတွင် မိုးအနည်းငယ်သာ ရွာသွန်းသည်။ ကဆုန်၊ နယုန်လက စိုက်ပျိုးခဲ့သော စပါးများကို ရိတ်သိမ်းသော အချိန်ကာလလည်း ဖြစ်သည်။ သီတင်းကျွတ်လတွင် ပွဲတော်အဖြစ် မီးထွန်းပွဲတော် တစ်ခုသာ ရှိပါသည်။ တစ်ဖက်တွင်လည်း ကိုင်းလုပ်ငန်းများ လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။

တန်ဆောင်မုန်းလတွင် မိုးလေကင်းလွတ်ပြီ ဖြစ်သည်။ ကိုင်းလုပ်ငန်းဖြစ်သော ပဲစိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေကြသည်။ ပြာသို၊ တပို့တွဲလများတွင်

အစောစိုက်စပါးများကို ရိတ်သိမ်းနေကြသည်။ ဝင်ငွေများစွာ ရှိသော အချိန်လည်း ဖြစ်သည်။

## ပြဿနာအနှစ်ချုပ်

အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် တစ်နှစ်တာဝင်ငွေလုံလောက်မှု မရှိပါ။လူမှုရေး၊ကျန်းမာရေး၊စားသောက်ရေးအခက်အခဲများရှိသည်။ဝင်ငွေနည်းပါးခြင်းတို့ကြောင့်အမျိုးသမီးများ၏ အိမ်တွင်းမှု စီမံခန့်ခွဲရာတွင် အခက်အခဲများ ရှိပါသည်။

ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ရာသီခွင်ပြက္ခဒိန်

ကျေးရွာ - သစ်ချဆိပ်

အုပ်စု - ဝဲကြီး


ရက်စွဲ - ၂၁. ၂ . ၂၀၁၈

| လုပ်ငန်းများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ်၊ ကောက်စိုက် | | | ★ | ★★★ | ★★★ | ★ | ★★ | ★★★ | ★★★ | ★★★ | | |
| ကိုင်း၊ပဲရိတ် | | | | | | | ▲ | ▲▲ | ▲▲▲ | ▲▲▲ | | |
| အခင်း | ♥♥♥ | ♥ | ♥ | ♥♥ | ♥♥ | ♥♥ | | | | | ♥ | ♥♥ |
| ဝင်ငွေကောင်းချိန် | ↷ | | | ↷ | ↷ | | ↷ | ↷ | ↷ | ↷ | ↷ | |
| ပွဲတော်ချိန် | ☺☺ | ☺☺ | | | | ☺☺ | ☺☺ | | | ☺ | | |
| ကျဘမ်း | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ |

# ဖွဲ့စည်းချိတ်ဆက်မှု

ကျေးရွာ - **သစ်ချဆိပ်** အုပ်စု - ဝဲကြီး

ရက်စွဲ - ၂၁. ၂ .၂၀၁၈




ဦးဆောင်ဆွေးနွေးသူ- ဒေါ်ဇာလီထွန်း၊ဒေါ်ခင်မြတ်လေးနိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ဖွဲ့စည်းချိတ်ဆက်မှုသုံးသပ်ချက်

ကျေးရွာ-သစ်ချဆိပ်                                        ရက်စွဲ - ၂၁.၂.၂၀၁၈

အုပ်စု  - ဝဲကြီး

သစ်ချဆိပ်ကျေးရွာတွင် အဖွဲ့အစည်းများစွာ ရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ရပ်မိရပ်ဖ၊ လူမှုရေးအဖွဲ့၊ ရာအိမ်မှူး၊ အမျိုးသမီးရေးရာ၊ ဂေါပက၊ CDDအဖွဲ့၊တို့ ဖြစ်ပါသည်။ အဖွဲ့အစည်းများအားလုံးကို ကျေးရွာအတွက် အဓိကကျသော အဖွဲ့အစည်းများအဖြစ် သက်မှတ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်CDD၊ KNUတို့သည် ကျေးရွာပြင်ပတွင်ရှိသော အဖွဲ့အစည်းများဖြစ်ကြသည်။

ရွာတွင်းအဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုများစွာရှိကြောင်း သိရှိရပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပဋိပက္ခဖြစ်ပွားမှု မရှိကြောင်း သိရှိရပါသည်။

## ပြဿနာအနှစ်ချုပ်


**အဖွဲ့အစည်းအသီးသီးနှင့်ပက်သက်မှုရှိသော်လည်းဗဟုသုတနည်းပါး သောကြောင့်ချိတ်ဆက်မှုအားနည်းသည်ကိုတွေ့ရသည်။**

ဦးဆောင်ဆွေးနွေးသူ-ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ပင့်ကူအိမ်ပုံ

ကျေးရွာ - သစ်ချဆိပ်　　　အုပ်စု - ဝဲကြီး　　　ရက်စွဲ -၂၁.၂.၂၀၁၇



# ပင့်ကူအိမ်ပုံသုံးသပ်ချက်

ကျေးရွာ-သစ်ချဆိပ် ရက်စွဲ - ၂၁. ၂ .၂၀၁၈

အုပ်စု - ဝဲကြီး

သစ်ချဆိပ်ကျေးရွာတွင် ဘာသာရေးနှင့် ရပ်ရေးရွာရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်ကြသည်။ လုပ်ရသောလုပ်ငန်းများမှာ တူညီမှုမရှိပေ။ မျိုးသားများနှင့် အမျိုးသမီးများ ခွဲခြားမှုမရှိပေ။

အမျိုးသားများသည် စီးပွားရေးလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေရသောကြောင့် ဝင်ငွေများစွာရရှိပြီး အိမ်မှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နိုင်မှု အားနည်းသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နေရသောကြောင့် အပြင်စီးပွားရေးကို ထွက်မလုပ်နိုင်သဖြင့် အမျိုးသားများ ဝင်ငွေများစွာ ရရှိအောင် မစွမ်းဆောင်နိုင်ပေ။ အမျိုးသမီးများသည် ရာသီအလိုက် ပေါ်ပေါက်လာသော လုပ်ငန်းများကိုသာ လုပ်ကိုင်နေရပါသည်။ အမျိုးသမီးများသည် အချိန်မတော်သွား လာရခြင်း၊ အင်အားကို အဆမတန်အသုံးပြုရခြင်းတို့ကြောင့် အလုပ် လုပ်ကိုင်မှု နည်းပါးလာသည်။

ပညာရေးနှင့်ပက်သက်၍ တန်းတူ ပညာသင်ကြားခွင့် ရှိသည်။ ဆုံးဖြတ်ချက် ချရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ဖြတ်ထိုးဉာဏ်ကောင်းသောကြောင့် ဆုံးဖြတ်ချက်ချမှု၊ ဦးဆောင်နိုင်မှု များပြားသည်။ လုပ်အားခ ရရှိမှုမှာလည်း တူညီသည်။

ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်လုပ်ငန်းစဉ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေး အရင်းအမြစ်ပြ မြေပုံ | ၂၁.၂.၁၈ | ရွာသူရွာသားများ | ၂၀ | ၄၅ | ၆၅ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊ရေတွင်းရေကန်၊ သစ်တောများကိုမှတ်သားပြီး အသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၁.၂.၁၈ | ရွာသူရွာသားများ | ၂၀ | ၄၅ | ၆၅ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ လယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း | ၂၁.၂.၁၈ | ရွာသူရွာသားများ | ၂၀ | ၄၅ | ၆၅ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၁.၂.၁၈ | ရွာသူရွာသားများ | ၂၀ | ၄၅ | ၆၅ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၂၁.၂.၁၈ | ရွာသူရွာသားများ | ၂၅ | ၄၅ | ၇၀ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၁.၂.၁၈ | ရွာသူရွာသားများ | ၂၅ | ၄၅ | ၇၀ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၂၁.၂.၁၈ | ရွာသူရွာသားများ | ၂၅ | ၄၅ | ၇၀ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |





သစ်ချဆိပ်ကျေးရွာ  ပထမ/ဒုတိယအကြိမ်ကျေးရွာ အစည်းအဝေး



သစ်ချဆိပ်ကျေးရွာ တတိယအကြိမ် ကျေးရွာအစည်းအဝေး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ရန် သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းခြင်းဖြင့် ဖောင်ဖြည့်ရမည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးဦးလှိုင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>- | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ခင်မြတ်လေးဦး |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု - ဝကြီး | ကျေးရွာ သစ်ချွန်ပင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၂၅ | ဘာသာ (၁) ဗုဒ္ဓ | ၂၇ |
| လူမျိုးစု (၂) ကရင် | | ဘာသာ (၂) ခရစ်ယာန် | ၁၃ |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစုရေ ---------- | | ဘာသာရေ ---------- | |
| အခြား | | | |
| | အရေအတွက် | | |
| မုဆိုးဖို/မုဆိုးမများ | ၂၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၅၆၀ | ၆၄၃ |
| လူမျိုးစု (၂) ကရင် | ၅၀ | ၅၁ |
| လူမျိုးစု (၃) ---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | .၁၈၈ | ၃၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| တသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) တသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လှည်းသွားလမ်း | အခြား ဂဝံလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ ၂၀၁၅

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ ✓

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၄---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၀၁:၄၅ ------ ခြေလျင်/ဆိုင်ကယ်/ လှည်း/စက်လှေ/ မော်တော်ကား/ (hand-circled: ဆိုင်ကယ်)
အခြား ------

မိုးရာသီတွင်ကြာချိန် ၁:၃၀ ------ ခြေလျင်/ဆိုင်ကယ်/ လှည်း/စက်လှေ/ မော်တော်ကား/ (hand-circled: ဆိုင်ကယ်, လှည်း)
အခြား ------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပ်ပိုးပြုစီမံကိန်းမဝိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) KDN ------
(၂) ------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် [illegible] |
| | လက်မှတ် [signature] နေ့ ၁၄.၂.၁၈ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ခင်မြတ်လေးနိုင် |
| | လက်မှတ် [signature] နေ့စွဲ ၁၄.၂.၁၈ |

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြတ်လေး၃၄ | | | |
| နေ့စွဲ ၁၉.၂.၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝဲကြီး | ကျေးရွာ သဥ်ချဲဆိပ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | အိမ်ထောင်စု ပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၉.၂.၁၈ | ၁၉.၂.၁၈ | ၂၆ | ၁၂၁ | ၁၄၇ | ကရင် ၁၃<br>ဗမာ ၁၃၄ | | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၂.၁၈ | ၂၁.၂.၁၈ | ၅၄ | ၁၁၇ | ၁၇၁ | ဗမာ ၁၆၂<br>ကရင် ၉ | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၃၀.၃.၁၈ | ၃၀.၃.၁၈ | ၃၂ | ၉၉ | ၁၃၁ | ကရင် ၁၂<br>ဗမာ ၁၁၉ | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၃၀.၃.၁၈ | ၃၀.၃.၁၈ | ၃၂ | ၉၉ | ၁၃၁ | ကရင် ၁၂<br>ဗမာ ၁၁၉ | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၃.၄.၁၈ | ၂၃.၄.၁၈ | ၄ | ၅ | ၉ | စာ \| ၈<br>ကရင် \| ၁ | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၃.၄.၁၈ | ၂၃.၄.၁၈ | ၄ | ၅ | ၉ | စာ \| ၈<br>ကရင် \| ၁ | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၃၀.၃.၁၈ | ၃၀.၃.၁၈ | ၃၂ | ၉၉ | ၁၃၁ | ကရင် \| ၁၂<br>စာ \| ၁၁၉ | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြတ်လေးခိုင် |
| နေ့စွဲ ၂၀.၂.၁၈ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး — မြို့နယ် ကျောက်ကြီး — ကျေးရွာအုပ်စု — ကျေးရွာ ၁၁၆ ချုံဆိပ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်းမကောင်းသောကြောင့် သွားလာရေး အခက်ခဲရှိခြင်း။ | ၁ | နွေရာသီတွင် ရေခန်းခြောက်သောကြောင့် ရေရှားပါးခြင်း။ |
| ၂ | ကျောင်းခြံစည်းရိုးမကောင်းသောကြောင့် မသမာသူများမှ အချိန်မရွေး ဖျက်ဆီးဝင်နိုင်ခြင်း။ | ၂ | ရွာတွင်းလမ်းကျဉ်း၍ မြေသားလမ်းဖြစ်သောကြောင့် သွားလာရန်ခက်ခဲခြင်း။ |
| ၃ | ကျေးရွာတွင်း အစည်းအဝေးများ ပြုလုပ်ရန်နေရာ မရှိခြင်း။ | ၃ | ကျောင်းခြံစည်းရိုးမကောင်းသောကြောင့် ကလေးများ ကျွဲနွား အန္တရာယ်ရှိနိုင်ခြင်း။ |
| ၄ | မီးမရှိသောကြောင့် ညရေးညတာ သွားလာရန်ခက်ခဲခြင်း။ | ၄ | အစည်းအဝေးများ ပြုလုပ်ရန် လုံလောက်သောနေရာ ထိုင်ခင်းမရှိခြင်း။ |
| ၅ | သောက်သုံးရေ သန့်ရှင်းမှု မရှိခြင်း။ | ၅ | မီးမရှိသောကြောင့် ညနေမှာ ဒုက္ခပါးခြင်း။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းကောင်းလျှင် စီးပွားရေး တိုးတက်ကောင်းမွန်လာမည်။ | ၁ | သန့်ရှင်းလုံလောက်သော သောက်သုံးရေ ရရှိစေချင်ပါသည်။ |
| ၂ | သောက်သုံးရေသန့်ရှင်းမှု ရှိလျှင် မိသားစုကျန်းမာရေး ကောင်းမွန်နိုင်မည်။ | ၂ | ကောင်းမွန်သော ကျေးရွာလမ်းများ ဖြစ်စေချင်ပါသည်။ |
| ၃ | ကျောင်းခြံစည်းရိုးကောင်းမွန်လျှင် ကလေးများ စိတ်ချစွာ ပညာသင်ကြားနိုင်မည်။ | ၃ | ကျောင်းခြံစည်းရိုး ကောင်းမွန်လျှင် ကလေးများ ကောင်းစွာ ပညာသင်ကြားနိုင်မည်။ |
| ၄ | မီးရှိလျှင် အချိန်မရွေး သွားလာနိုင်မည်။ | ၄ | ဘက်စုံသုံးခန်းမ ရှိလျှင် အစည်းအဝေးများ အချိန်မရွေး ပြုလုပ်နိုင်မည်။ |
| ၅ | ဘက်စုံသုံးခန်းမ ရှိလျှင် အစည်းအဝေးများကို အချိန်မရွေး ပြုလုပ်နိုင်မည်။ | ၅ | မီးရလျှင် ညနေမှာ မြင်ကွင်းများ မည်။ |

| | | | |
|---|---|---|---|
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောင်းဆောင် ခင်းနှီး ၂၂ x ၆' | က + မ | ၈၂၀၀,၀၀၀ | ၁၃၃၄ |
| ၂ | ခန်းမဆောင် | က + မ | ၁၅,၀၀၀,၀၀၀ | ၁၃၃၄ |
| ၃ | စက်ရေတွင်း + ရေလှောင်ကန် | မ | ၆,၀၀၀,၀၀၀ | ၁၃၃၄ |
| ၄ | [illegible] | က + မ | ၂၅.၀၀၀၀၀၀ | ၁၃၃၄ |
| ၅ | ကင်လမ်း ခင်းခြင်း | က + မ | ၁၀,၀၀၀,၀၀၀ | ၁၃၃၄ |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

Sector မရှိ၍ other

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အပ်ချုပ်သင်တန်း | မ | |
| ၂ | ပညာရေးဝန်ထမ်း ငှား ၃၀ ဦး | က | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---မလင်းရွှေထား--- လက်မှတ် ---lin--- နေ့စွဲ ---၂၁·၂·၁၈---

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ (၁၉)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် သစ်ချဆိပ်ကျေးရွာ စာသင်ကျောင်းတွင် ကျင်းပပြုလုပ်သောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပထမအကြိမ်ကျေးရွာအစည်းအဝေး။

## ၁။ အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ကြပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်အိငြိမ်းခိုင် | လက်ထောက်နည်းပညာမှူး |
| ၂။ | ဦးဖြိုးဆွေဦး | လူထုစည်းရုံးရေးမှူး |
| ၃။ | ကော်မတီဝင် | PC 12 |

## ၂။ ရည်ရွယ်ချက်

စီမံကိန်းအကြောင်း မိတ်ဆက်ခြင်းနှင့် ကျေးရွာတွင်းရှိ ကော်မတီဝင်များအား ပြန်လည် ရွေးချယ်နိုင်ရန်။

## ၃။ ဆွေးနွေးခြင်း

အစည်းအဝေးအခမ်းအနားတွင် အဖွင့်အမှာစကားအဖြစ် သစ်ချဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ စီမံကိန်းဝန်ထမ်းများမှ မိတ်စကားပြောကြားပြီး စီမံကိန်းရည်ရွယ်ချက်၊ ဝေဖန်အကြံပြုနှင့်သက်ဆိုင်သော အကြောင်း အရာများ ကျား-မ ရေးရာအကြောင်းအရာများကို လူထုစည်းရုံးရေးမှူး ဦးဖြိုးဆွေဦးမှ ကျေးရွာ လူထု သဘောပေါက်နားလည်အောင် အကျယ်တဝင့်ရှင်းပြခဲ့ပါသည်။

ဆက်လက်၍ စီမံကိန်းလုပ်ဆောင်ရန်အတွက် အရေးကြီးသောဆောင်ရန်/ရှောင်ရန်၊ အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများနှင့် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ၊ အကာအကွယ်များအကြောင်းကို လက်ထောက်နည်းပညာမှူး ဒေါ်အိငြိမ်းခိုင်မှ ပြောကြားခဲ့ ပါသည်။

စေတနာ့ဝန်ထမ်း လုပ်ဆောင်ရမည် ကော်မတီဝင်၏ တာဝန်ဝတ္တရားများကိုရှင်းပြပြီးနောက် စေတနာ့ဝန်ထမ်း(၂)ဦးရွေးချယ်ခဲ့ပါသည်။

၄။ ဆုံးဖြတ်ချက်

စေတနာ့ဝန်ထမ်း(၂)ဦးအဖြစ် ဦးနိုင်စိုးနှင့်မဖြူဝင်းတို့ကို ကျေးရွာလူထု သဘောကျ ရွေးချယ်ခဲ့ပါသည်။

၅။ အစည်းအဝေးပြီးဆုံးချိန်

ဆက်လက်ဆွေးနွေးရန် မရှိသောကြောင့် အစည်းအဝေးကို နေ့လည်(၁း၀၀)အချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ
ဒေါ် ခင်မြတ်လေးခိုင်
လူထုစည်းရုံးရေးမှူး

စာအမှတ်( ၁ ) CDD ဝဲကြီးကျေးရွာအုပ်စု၊ သစ်ချဆိပ်ကျေးရွာ (ဝက)။

ရက်စွဲ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ( ၁၉ )ရက်။

ဖြန့်ဝေခြင်း
မိတ္တူကို ကျေးရွာ
ရုံး

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ (၂၁)ရက်နေ့ ညနေ(၁း၀၀)နာရီအချိန်တွင် သစ်ချဆိပ်ကျေးရွာ မဇင်မာဦးနေအိမ်တွင် ကျင်းပပြုလုပ်သောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး။

## ၁။ အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ကြပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်ဇာလီထွန်း | လက်ထောက်နည်းပညာမှူး |
| ၂။ | ဒေါ်ခင်မြတ်လေးခိုင် | လူထုစည်းရုံးရေးမှူး |
| ၃။ | ကော်မတီဝင် | PC 12 |

## ၂။ ရည်ရွယ်ချက်

ကျေးရွာတွင်အဓိကလိုအပ်သော ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းနှင့် ကော်မတီဝင်များအား ပြန်လည်ရွေးချယ်နိုင်ရန်။

## ၃။ ဆွေးနွေးခြင်း

ကျေးရွာရာအိမ်မှူး ဦးကျော်မြင့်မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ဝန်ထမ်းများမှ ကော်မတီဝင်များ၏ တာဝန်နှင့်ဝတ္တရားများကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြတ်လေးခိုင်မှ ရှင်းပြခဲ့ပါသည်။ ထို့နောက် ကျေးရွာလူထုကို အုပ်စုများခွဲ၍ PRAများ ပြုလုပ်ခဲ့ကြပါသည်။ ကျေးရွာအတွက် အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့အတွက် အဓိက လိုအပ်သော အခက်အခဲနှင့် မျှော်မှန်းချက်များကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ထိုအခက်အခဲနှင့် မျှော်မှန်းချက်များပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းများကို ဆက်လက်၍ ရွေးချယ်နိုင်ခဲ့ကြပါသည်။

ထို့နောက် ကော်မတီဝင်များကို ကျေးရွာလူထုသဘောကျ ဆက်လက်၍ ရွေးချယ်ခဲ့ကြပါသည်။

ဆုံးဖြတ်ချက်

ကျေးရွာအတွက်လိုအပ်သော ဦးစားပေးလုပ်ငန်းကို သဘောတူ ရွေးချယ်ခြင်း။ ကျေးရွာလူထု စိတ်တိုင်းကျ ကော်မတီဝင်များကို သဘောတူရွေးချယ်ခဲ့သည်။

၅။ အစည်းအဝေးပြီးဆုံးချိန်

ဆက်လက်ဆွေးနွေးရန် မရှိသောကြောင့် အစည်းအဝေးကို နေ့လည်(၁း၀၀)အချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မြတ်လေးခိုင်
လူထုစည်းရုံးရေးမှူး

စာအမှတ်( ၂ ) CDD ဝဲကြီးကျေးရွာအုပ်စု၊ သစ်ချဆိပ်ကျေးရွာ (ဝက)။

ရက်စွဲ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ( ၂၁ )ရက်။

ဖြန့်ဝေခြင်း
မိတ္ထူကို ကျေးရွာ
ရုံး

# ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## သစ်ချဆိပ်ကျေးရွာ ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်းအမည် | အဆိုပြုသူ | | | ခုနှစ် | ဆောင်ရွက်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|---|---|
| | | | က | မ | က+မ | | | |
| အခြေခံအဆောက်အအုံ | ၁။ | စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | | | က+မ | ၂၀၁၈ | ပညာရေးဌာန | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | ဂဝံလမ်းခင်းခြင်း | က | | | ၂၀၁၈ | | လူထုဗဟိုပြုစီမံကိန်း |
| | ၃။ | ဘက်စုံသုံးခန်းမ | | မ | | ၂၀၁၈ | | |
| လျှပ်စစ် | ၁။ | လျှပ်စစ်မီး | | မ | | ၂၀၁၈ | လျှပ်စစ်ဌာန | |
| အသက်မွေးဝမ်းကြောင်း | ၁။ | စက်ချုပ်သင်တန်း | | မ | | ၂၀၁၈ | | |
| ပညာရေး | ၁။ | ပညာရေးဝန်ထမ်း(၃)ဦး | က | | | | ပညာရေးဌာန | ပညာရေးဌာန |
| ရေပေးဝေရေး | ၁။ | စက်ရေတွင်းနှင့်ရေလှောင်ကန် | | မ | | | | |